**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကျန်းမာရေးဝန်ကြီးဌာန**

**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**

**ညွှန်ကြားချက် ( ၂ /၂၀၂၂)**

မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့သည် အသင့်ထုပ်ပိုးထားသော အစားအသောက်များ အမှတ်တံဆိပ်ကပ်ခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာ (၈/၂၀၂၂) ကို ထုတ်ပြန်ထားပြီးဖြစ်သည်။ ယင်းအမိန့်ကြော်ငြာစာ၏ အခန်း (၃)၊ အပိုဒ် ၇(တ) အရ အစားအသောက်ထုတ်လုပ်သည့် ပါဝင်ပစ္စည်းများ၏ ယေဘုယျ အမျိုးအစားအမည် ( General Class Names) ကို သတ်မှတ်အုပ်စုအမည်သို့ ပြောင်းလဲသုံးစွဲခြင်းနှင့် အစားအသောက်ထပ်ဖြည့်ပစ္စည်းဆိုင်ရာ ဖော်ပြချက်များကို အောက်ပါသတ်မှတ်ချက်များနှင့်အညီ ဖော်ပြရမည်ဖြစ်သည်။

(၁) ခွတ်မတည့်ခြင်း ဖြစ်စေနိုင်သည့် ပါဝင်ပစ္စည်းအမည်များမှအပ ယေဘုယျအမျိုးအစားအမည် (General Class Names) ကို အောက်ပါဇယားတွင် ဖော်ပြထားသည့် သတ်မှတ်အုပ်စုအမည်များ (Class Names) ဖြင့် ပြောင်းလဲသုံးစွဲခွင့်ရှိသည်။

| **ယေဘုယျအမျိုးအစားအမည်များ (General Class Names)** | **သတ်မှတ်အုပ်စုအမည်များ (Class Names)** |
|---|---|
| သံလွင်ဆီမှလွဲ၍ သန့်စင်ထားသောဆီများ | "ဆီ" ဆိုသော အမည်နှင့်အတူ "သီးနှံ" သို့မဟုတ် "တိရစ္ဆာန်" ဟူ၍ ထုတ်လုပ်ရာအလိုက်ဖြစ်စေ "ဆီခဲ" သို့မဟုတ် "တစ်ဝက်တစ်ပျက်ဆီခဲ"ဟူ၍ အသွင်အပြင်အရဖြစ်စေ သင့်လျော်သလို ဖော်ပြရမည်။<br>(ဥပမာ- သီးနှံဆီ၊ တိရစ္ဆာန်ဆီ၊ သီးနှံဆီခဲ၊ တစ်ဝက်တစ်ပျက်တိရစ္ဆာန်ဆီခဲ)<br>"Oil" together with either the term "vegetable" or "animal", qualified by the term "hydrogenated" or "partially – hydrogenated", as appropriate |

| | |
|---|---|
| သန့်စင်ထားသောအဆီ | "အဆီ" ဆိုသော အမည်နှင့်အတူ "သီးနှံ" သို့မဟုတ် "တိရစ္ဆာန်" ဟူ၍ ထုတ်လုပ်ရာ အလိုက် ဖော်ပြရမည်။<br>(ဥပမာ- သီးနှံ အဆီ၊ တိရစ္ဆာန် အဆီ)<br>"Fat" together with either the term "vegetable" or "animal", as appropriate |
| ဓါတုဗေဒနည်းဖြင့် ဖော်စပ်ထားသော ကော်မှလွဲ၍ အခြားကော်များ | "ကော်" "Starch" |
| အခြားအစားအသောက်များတွင် ပါဝင်ပစ္စည်း အနေဖြင့် မျိုးစိတ်အတိအကျ ဖော်ပြလေ့ မရှိသည့် အစားအသောက်တွင် ပါဝင်နေ သော မည်သည့်ငါးမျိုးစိတ်ကိုမဆို | "ငါး" "Fish" |
| အခြားအစားအသောက်များတွင် ပါဝင်ပစ္စည်း အနေဖြင့် မျိုးစိတ်အတိအကျ ဖော်ပြလေ့ မရှိသည့် အစားအသောက်တွင် ပါဝင်နေ သောမည်သည့်ကြက်ငှက်မျိုးနွယ်အသား ကိုမဆို | "ကြက်ငှက်အသား" "Poultry meat" |
| အခြားအစားအသောက်များတွင် ပါဝင်ပစ္စည်း အနေဖြင့် အမျိုးအမည်အတိအကျ ဖော်ပြ လေ့မရှိသည့် အစားအသောက်တွင် ပါဝင် နေသော မည်သည့်ဒိန်ခဲအမျိုးမျိုးနှင့် ဒိန်ခဲ အရောများကို မဆို | "ဒိန်ခဲ" "Cheese" |
| အလေးချိန်အားဖြင့် ၂%ထက်မပိုသော ဟင်း ခတ် အမွှေးအကြိုင်တစ်မျိုးတည်းဖြစ်စေ ပေါင်းစပ်ဟင်းခတ်အမွှေးအကြိုင်များဖြစ်စေ | "ဟင်းခတ်အမွှေးအကြိုင်" "ဟင်းခတ်အမွှေး အကြိုင်များ" "ဟင်းခတ်အမွှေးအကြိုင်အရော" စသည့် သင့်လျော်ရာ "Spice" or "spices", or "mixed spices", as appropriate |
| အလေးချိန်အားဖြင့် ၂% ထက်မပိုသော ဟင်းခတ်ပင်/ အမွှေးအကြိုင်ပင်နှင့် ယင်း တို့၏ အစိတ်အပိုင်းများ | "ဟင်းခတ်ပင်" (သို့) "ဟင်းခတ်ပင် အရော" စသည့် သင့်လျော်ရာ "Herbs" or "mixed herbs", as appropriate |

| | |
|---|---|
| ချွင်းဂမ်း ထုတ်လုပ်ရာတွင်သုံးသော အခြေခံပစ္စည်းအားလုံး | "ကော်စေးအခြေခံ" "Gum base" |
| ဆူခရို့ (sucrose) သကြား အားလုံး | "သကြား" "Sugar" |
| ဒက်စရို့(Dextrose) သကြားအမှုန့်နှင့် ဒက်စရို့မိုနိုဟိုက်ဒြိတ် (Dextrose monohydrate) | "ဒက်စရို့" သို့မဟုတ် "ဂလူးကို့" "Dextrose" or "glucose" |
| ကေစင်ဓာတ်အားလုံး (Casein) | "ကေစင်ဓာတ်" "Caseinates" |
| နို့ပရိုတိန်းအခြောက် အနည်းဆုံး ၅၀% ပါဝင်သော နို့ထွက်ပစ္စည်း (ပါဝင်နှုန်းတွက်ချက်ပုံ- kjeldahl nitrogen x 6.38 | "နို့ပရိုတိန်း" "Milk Protein" |
| ဖိသိပ်ထားသော၊ အဆီထုတ်ထားသော၊ အရောင်ချွတ်ထားသော ကိုကိုးထောပတ် | "ကိုကိုးထောပတ်" "Cocoa butter" |
| အစားအသောက်၏ အလေးချိန် ၁၀% ထက်မပိုသော အခဲပြုလုပ်ထားသည့် အသီးအနှံ | "သီးနှံခဲ" "Crystallized fruit" |

(၂) အောက်ဖော်ပြပါ ခွင့်ပြုအစားအသောက်ထပ်ဖြည့်ပစ္စည်း အုပ်စုအမျိုးအစားများကို (Food additive functional classes) အသုံးပြုသော ပစ္စည်းများ၏ သတ်မှတ်အမည် သို့မဟုတ် သတ်မှတ်ကုတ်နံပါတ် (Class names and international numbering system for food additives; CXG 36-1989) နှင့် တွဲဖက်လျက်ဖော်ပြရမည်-

| **အစားအသောက်ထပ်ဖြည့်ပစ္စည်း (မြန်မာ အမည်)** | **Food Additives Functional Classes** |
|---|---|
| အက်စစ်ဓာတ်ထိန်းချုပ်ပစ္စည်း (အက်စစ်ထိန်းဆေး) | Acidity Regulator |
| အခဲမဖြစ် ပစ္စည်း (မခဲဆေး) | Anticaking Agent |
| အမြှုပ်မထ ပစ္စည်း (အမြှုပ်မထဆေး) | Antifoaming Agent |
| ဓာတ်တိုးမှဲ့ ပစ္စည်း (ဓာတ်တိုးကာ ပစ္စည်း) (ဓာတ်မတိုးဆေး) | Antioxidant |
| ချွတ်ဆေး | Bleaching Agent |
| ပွားဆေး | Bulking Agent |

| | |
|---|---|
| ကာဗွန် အမြှုပ်ထဆေး | Carbonating Agent |
| အရောင်များ | Colour |
| အရောင်ထိန်းပစ္စည်း (အရောင်ထိန်းဆေး) | Colour Retention Agent |
| အစုအခဲဖြစ်စေသောပစ္စည်းများ(ပျစ်တွဲဆေး) (ရေဆီတွဲဆေး) | Emulsifier |
| အစုအခဲဖြစ်စေနိုင်သော သို့မဟုတ် အစုအခဲ ဖြစ်စေမှုကို ထောက်ပံ့ပေးသော ဆား (ပျစ်တွဲဆား) (ရေဆီတွဲဆား) | Emulsifying Salt |
| တောင့်တင်းခိုင်မာစေသောပစ္စည်း(တင်းဆေး) | Firming Agent |
| ဂျုံမှုန့်ပြုပြင်ပစ္စည်း (ဂျုံမှုန့်ဆေး) | Flour Treatment Agent |
| အနံ့အရသာထူးကဲစေသော သို့မဟုတ် ကောင်းမွန်စေသောပစ္စည်း(အနံ့ရသာတိုးဆေး) | Flavour enhancer |
| အမြှုပ်ထစေသော ပစ္စည်း (အမြှုပ်ထဆေး) | Foaming Agent |
| ပျစ်ခဲစေသော ပစ္စည်း (ဂျယ်လီဆေး) | Gelling Agent |
| အစားအသောက်များ၌ အပေါ်ယံသုတ်လိမ်း သောပစ္စည်း (အရောင်တောက်ဆေး) | Glazing Agent |
| အစားအသောက်၏ စိုစွတ်မှုကို ထိန်းသိမ်းပေး သော ပစ္စည်း (အစိုထိန်းဆေး) | Humectant |
| တာရှည်ခံပစ္စည်း (တာရှည်ခံဆေး) | Preservative |
| ဖိအားပေးထားသော အထုပ်အပိုး၊ စည်သွပ်ဗူး များ၌ ထည့်သွင်းသော ဓာတ်ငွေ့ (တွန်းကန်ဓာတ်ငွေ့) | Propellent |
| ဆီဓာတ်မတိုးဆေး | Sequestrant |
| အရည်အသွေးတည်ငြိမ်မှုရှိစေရန် ထည့်သောပစ္စည်း (ဂုဏ်သတ္တိထိန်းဆေး) | Stabilizer |
| အချိုဓာတ်ပစ္စည်း (အချိုကဲဆေး) | Sweetener |

| | |
|---|---|
| အရည်ပျစ်စေသော ပစ္စည်း (အရည်ပျစ်ဆေး) | Thickener |
| ပွစေသော ပစ္စည်း (ပွဆေး) | Raising Agent |

21.1.2022

(ပါမောက္ခဒေါက်တာခင်ဇော်)

ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ အစဆ/၂(စသပ) ထွေ-၃/ ၂၀၂၂/ ၀၀၂

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ( ၂၆ ) ရက်

ဖြန့်ဝေခြင်း-

၁။ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊

၂။ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊

၃။ ညွှန်ကြားရေးမှူး (အစားအသောက်)၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ နေပြည်တော်၊

၄။ ညွှန်ကြားရေးမှူး၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ၊ (ရန်ကုန်/ မန္တလေး)၊

၅။ တိုင်းဒေသကြီး/ပြည်နယ်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှူးများ၊ -------------------- တိုင်းဒေသကြီး/ ပြည်နယ်၊ ------------------ မြို့၊

၆။ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊

၇။ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

၈။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

၉။ ငါးလုပ်ငန်းဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

၁၀။ စီမံကိန်းဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

၁၁။ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊

၁၂။ စားသုံးသူရေးရာဦးစီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဦးစီးဌာန၊

၁၃။ ကုန်သွယ်ရေးဦးစီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဦးစီးဌာန၊

၁၄။ အကောက်ခွန်ဦးစီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊

၁၅။ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန၊

၁၆။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊

၁၇။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊

၁၈။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊

၁၉။ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

၂၀။ ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊

၂၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊

၂၂။ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊

၂၃။ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊

၂၄။ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊

၂၅။ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊

၂၆။ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊

၂၇။ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊

၂၈။ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၊

၂၉။ မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုချောင်သီးနှံစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၊

၃၀။ မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း၊

၃၁။ မြန်မာနိုင်ငံ ဆန်းစပါးအသင်းချုပ်၊

၃၂။ မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်း၊

၃၃။ မြန်မာနိုင်ငံ ဂျုံလုပ်ငန်းအသင်း၊

၃၄။ ဆားလုပ်ငန်းရှင်များအသင်း၊

၃၅။ မြန်မာနိုင်ငံ ယမကာထုတ်လုပ်ဖြန့်ဖြူးသူများအသင်း၊

၃၆။ မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊

၃၇။ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း၊

၃၈။ မြန်မာစားသုံးသူများ သမဂ္ဂ၊

၃၉။ အစားအာဟာရ သိပ္ပံနှင့်နည်းပညာအသင်း၊

၄၀။ မြန်မာနိုင်ငံ ရေသန့်လုပ်ငန်းရှင်များအသင်း (နေပြည်တော်)၊

၄၁။ မြန်မာနိုင်ငံ ရေသန့်လုပ်ငန်းရှင်များအသင်း (ရန်ကုန်)၊

၄၂။ မြန်မာနိုင်ငံ ရေသန့်လုပ်ငန်းရှင်များအသင်း (မန္တလေး)၊

၄၃။ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၊

၄၄။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရှိ ကြော်ငြာသင်ပုန်းများ၊

မိတ္တူကို-

၁။ ရုံးလက်ခံ၊

၂။ မျှောစာတွဲ။